# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက်

## ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

## ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့တွင် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၏ ရှင်းလင်းတင်ပြချက်

### နိဒါန်း

၁။ ယနေ့ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၀၃ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ကျွန်တော်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းမှာ ဖြစ်ပါတယ်။

၂။ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာလမှ စက်တင်ဘာလအထိ ပြောင်းလဲသတ်မှတ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူအတည်ပြုခဲ့ပြီး ပြည်ထောင်စုလွှတ်တော်မှလည်း မှတ်တမ်းတင်ခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ရာ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်သည် ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဘဏ္ဍာရေးနှစ်အသစ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် စတင်ရမည်ဖြစ်၍ ဘဏ္ဍာရေးနှစ်သစ် မစတင်မီ ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁) ရက်မှ စက်တင်ဘာလ (၃၀) ရက်အထိကြားကာလ(၆) လတာဘတ်ဂျက်ကို သီးခြားရေးဆွဲရန် လိုအပ်လာပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ရေးဆွဲတင်ပြအပ်ပါတယ်။

၃။ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၈ အရ ဥပဒေကြမ်းနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြထားပါတယ်-

(က) ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

(ခ) ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ (၆) လအတွက် အကျဉ်းချုပ် ဇယားများ

(ဂ) ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်

(ဃ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းတင်ပြချက်

(င) ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ အဆိုပြုတင်ပြချက်အနှစ်ချုပ်

(စ) ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ကုန်သွယ်မှုအရှုံးအမြတ်စာရင်းများနှင့် ဘဏ္ဍာရေးအခြေအနေ ဖော်ပြချက်

၄။ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်လေ့လာနိုင်ရန် တင်ပြချက် စာရွက်စာတမ်းများကို ဖြန့်ဝေထားပါတယ်။

၅။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများမတင်ပြမီ နိုင်ငံတော်၏စီးပွားရေးနှင့် ဘဏ္ဍာရေးအခြေအနေကို အကျဉ်းချုပ်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ပထမဦးစွာ နိုင်ငံတော်၏ မက်ခရိုစီးပွားရေး အခြေအနေကို တင်ပြပါမယ်။

**နိုင်ငံတော်၏ စီးပွားရေးအခြေအနေအပေါ် ခြုံငုံသုံးသပ်ခြင်း**

၆။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ၇.၈% တိုးတက်ရန် ရည်မှန်းခဲ့ရာ လယ်ယာကဏ္ဍတွင် စိုက်ပျိုးချိန်၌ ဒေသအချို့ ရေကြီးနှစ်မြုပ်ခဲ့ခြင်း၊ အယ်လ်နီညို အကျိုးသက်ရောက်မှုကြောင့် သီးနှံအချို့ စိုက်ပျိုးချိန်နောက်ကျခြင်းနှင့် သီးနှံအထွက်လျော့ကျခြင်း၊ ပထမနှစ်ဝက်ကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းအချို့ ရပ်တန့်ခဲ့ခြင်းတို့ကြောင့် ကဏ္ဍအချို့တွင် ရည်မှန်းချက်ကို ပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခြင်းတို့ကြောင့် ၅.၉% သာ တိုးတက်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၇% ခန့်မှန်းခဲ့ရာ ပထမ(၆)လ အကောင်အထည်ဖော်မှုအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ၆.၃% ရရှိခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း

၆.၈% တိုးတက်ရရှိရန် ခန့်မှန်းထားပါတယ်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် တစ်မျိုးသားလုံး၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) ခန့်မှန်းချက်မှာ နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၃၂,၈၇၃.၂၀၃ ဘီလီယံ ဖြစ်ပြီး ဂျီဒီပီတိုးတက်မှု နှုန်းကို ၇.၂% ရရှိနိုင်မည်ဟု မျှော်မှန်းထားပါတယ်။

၇။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၃.၅%၊ စက်မှုကဏ္ဍကြီးတွင် ၈.၉% နှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈.၀% တိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

၈။ ငွေရေးကြေးရေးကဏ္ဍတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းကို တည်ငြိမ်စေရန် ထိန်းသိမ်း ဆောင်ရွက်ခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းနိုင်ရန် နယ်ပယ်အသီးသီးမှ ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးကဏ္ဍတွင် အခွန်အကောက်ရငွေ တိုးတက်ရရှိစေရန် ကြိုးပမ်းခြင်း၊ အစိုးရအသုံးစရိတ်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ် စောင့်ရှောက်ရေး အသုံးစရိတ်များမြှင့်တင်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု များအတွက် အခြေခံကောင်းများ တည်ဆောက်ပေးခြင်း၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ လွတ်လပ်ခွင့်ပြုခြင်း၊ ဖြေလျှော့ပေးခြင်းများကိုလည်း သုံးသပ် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

**မက်ခရိုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ**

၉။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၂၁.၁၀%၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၅.၀၈% နှင့် ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၃.၈၂% အသီးသီးဖြစ်ပေါ်ရန် ရည်မှန်းထား ပါတယ်။

၁၀။ ငွေကြေး ဖောင်းပွမှုနှုန်းသည် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၄.၈၉% ရှိမည်ဟု ခန့်မှန်းထားပါတယ်။

**ပို့ကုန်၊ သွင်းကုန်၊ ကုန်သွယ်မှုပိုငွေ/လိုငွေ**

၁၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်အရ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၆,၇၀၅) သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၆,၉၉၅) သန်း ဖြစ်ပါတယ်။ ကုန်သွယ်မှုပမာဏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁၃,၇၀၀) သန်းဖြစ်ပြီး ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ (၂၉၀) သန်းဖြစ်ပါတယ်။

**ငွေကြေး၊ ဘဏ်စနစ်နှင့် အရင်းအနှီးဈေးကွက်**

၁၂။ ငွေကြေးအခြေအနေနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏ အဓိက ရည်မှန်းချက်ဖြစ်သော ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းရန်အတွက် ငွေကြေး ပမာဏ ရည်မှန်းချက်သတ်မှတ်ထားရှိသော ငွေကြေးမူဝါဒမူဘောင် (Reserve Money Targeting Monetary Policy Framework) အား ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းမူဘောင်တွင် လုပ်ငန်းရည်မှန်းချက် (Operation Target) နှင့် ကြားခံရည်မှန်းချက် (Intermediate Target) ပါဝင်ပြီး၊ လုပ်ငန်းရည်မှန်းချက် (Operation Target) အဖြစ် သီးသန့်ငွေကြေးပမာဏ (Reserve Money) အားထားရှိ၍ ကြားခံရည်မှန်းချက် (Intermediate Target) အဖြစ် စုစုပေါင်း ငွေကြေးပမာဏ (Money Supply) ကို ထားရှိပါတယ်။

၁၃။ ငွေကြေးမူဝါဒမူဘောင် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် သင့်တင့်မျှတသော ငွေကြေး ဖောင်းပွမှုနှုန်းဖြင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှု ရည်မှန်းချက်ကိုရရှိစေနိုင်မည့် အနေတော် ထားရှိမည့် ငွေကြေးပမာဏကို ရည်မှန်းချက်အဖြစ် သတ်မှတ်ပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် သီးသန့်ငွေကြေးပမာဏအား ပြောင်းလဲစေသော အဓိကအချက်များဖြစ်သည့် လှည့်လည်သုံးစွဲငွေ၊ နိုင်ငံခြားငွေရရန်ပိုင်ခွင့်များ၊ အစိုးရသို့ချေးငွေ၊ စီးပွားရေးကဏ္ဍသို့ ချေးငွေ ပြောင်းလဲမှုများအရ အမှန်ဖြစ်ပေါ်လာမည့် ငွေကြေးပမာဏအား Liquidity Forecasting ဖြင့် ခန့်မှန်းပြီး ရည်မှန်းချက်ထားရှိသည့် သီးသန့်ငွေကြေးပမာဏနှင့် နှိုင်းယှဉ်ချိန်ထိုး၍ စီးပွားရေး စနစ်သို့ ငွေကြေးထည့်သွင်းရန်လိုပါက ချေးငွေလေလံ (Credit Auction) ခေါ်ယူခြင်းနှင့် စီးပွားရေးစနစ်မှ ပိုလျှံငွေကြေးများအားနုတ်သိမ်းရန် လိုပါက အပ်ငွေလေလံ (Deposit Auction) ခေါ်ယူခြင်းစသည့် နည်းလမ်းများဖြင့် ငွေကြေးမူဝါဒကို အကောင်အထည်ဖော်လျက် ရှိပါတယ်။

၁၄။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း မျှော်မှန်းချက်နှင့် ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက်များပေါ်တွင် အခြေခံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏ သီးသန့်ငွေတိုးတက်မှုနှုန်းအား ၁၆% နှင့် စုစုပေါင်းငွေကြေးပမာဏတိုးတက်မှုနှုန်းအား ၂၃% အသီးသီးရရှိစေရန် ရည်မှန်းချက်ထားရှိခဲ့ရာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလကုန်ရှိ ရှေ့ပြေး အမှန်ကိန်းဂဏန်းများအရ သီးသန့်ငွေတိုးတက်မှုနှုန်းမှာ ၈% နှင့် စုစုပေါင်း ငွေကြေးပမာဏ တိုးတက်မှုနှုန်းမှာ ၂၁% ရှိပါတယ်။

၁၅။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ဂျီဒီပီနှင့် တွက်ချက်ပါက ၆.၆၅% ဖြစ်ပါတယ်။ အဆိုပါ (၆) လ ကာလအတွက် ဘတ်ဂျက် လိုငွေအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခန့်မှန်းဂျီဒီပီတန်ဖိုး၏ ၅၀% ဖြင့် တွက်ပါက ၄.၇၉% ရှိမည် ဖြစ်ပါတယ်။ အစိုးရ ဘတ်ဂျက် လိုငွေဖြည့်ဆည်းမှုတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူခြင်းဖြင့် ဖြည့်ဆည်းမှုကို ဘတ်ဂျက်လိုငွေ၏ ၃၀% အောက်တွင်ထားရှိရန် သတ်မှတ်ထားပါတယ်။

၁၆။ သို့ဖြစ်၍ ငွေကြေးပမာဏကို အကျိုးသက်ရောက်စေသည့် အခြားအချက်များဖြစ်သည့် နိုင်ငံခြားသုံးငွေရရန်ပိုင်ခွင့်များနှင့် ပြည်တွင်းချေးငွေတိုးတက်မှုများကို ထည့်သွင်း စဉ်းစားပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ငွေကြေးပမာဏ ရည်မှန်းချက်အား သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်း ၁၀% နှင့် စုစုပေါင်းငွေကြေးပမာဏ တိုးတက်မှုနှုန်း ၁၅% ထားရှိဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

၁၇။ ဘဏ်လုပ်ငန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်လုပ်ငန်း ကဏ္ဍတည်ငြိမ်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ် စစ်ဆေးခြင်းမူဘောင်အား ဆုံးရှုံးနိုင်ခြေအခြေပြုစနစ် (Risk-Based Supervision) သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိပြီး၊ ဘဏ်များ အားကောင်းခိုင်မာစေရန်နှင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းနှင့် အညီ ဆောင်ရွက်နိုင်ရန် လိုအပ်သော ဥပဒေ၊ စည်းမျဉ်းများ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါတယ်။

၁၈။ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေချေးသက်သေခံလက်မှတ်များ၊ စတော့ရှယ်ယာများ အရောင်းအဝယ်ပြုလုပ်မည့် ရန်ကုန်စတော့အိတ်ချိန်းကို ၉-၁၂-၂၀၁၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စာရင်းဝင်ကုမ္ပဏီ ၄ ခုတို့၏ အစုရှယ်ယာများ ရောင်းဝယ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ပဉ္စမမြောက် ကုမ္ပဏီအဖြစ် Telecom Public Company တစ်ခုမှ ကနဦးအစုရှယ်ယာကမ်းလှမ်း ရောင်းချခြင်း (IPO) နှင့်အတူ စာရင်းဝင်ကုမ္ပဏီဖြစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

၁၉။ အစိုးရငွေချေးစာချုပ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အစိုးရငွေချေးသက်သေခံလက်မှတ်များ ဈေးပြိုင်စနစ် (Government Securities Auction) ဖြင့် ရောင်းချသည့် Primary Market တွင် ဝင်ရောက်ခွင့် ပြုခဲ့ပါတယ်။ ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Yangon Bus Public Co.,Ltd) နှင့် မြန်မာအက်ဂရိအိတ်စ်ချိန်း ပတ်ဘလစ် လီမိတက် (Myanmar Agro Exchange Public Limited) တို့အား ၎င်းတို့၏ အစီအစဉ်များဖြင့် အများပြည်သူသို့ အစုရှယ်ယာများ ရောင်းချနိုင်ရန်အတွက် အလားအလာ ညွှန်းတမ်း (Prospectus) ကို ကော်မရှင်မှ အတည်ပြုပေးခဲ့ပါတယ်။ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်တွင် အရောင်းအဝယ်များ ပိုမို သွက်လက်စေရန်အတွက် ရင်းနှီးမြှုပ်နှံသူများအား Internet မှတစ်ဆင့် Online Trading ဖြင့် ရောင်းဝယ်ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

## ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ

၂၀။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်စာရင်း(၆)လ၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ(၆)လနှင့် ပြုပြင်ပြီးခန့်မှန်းခြေ(၆)လတို့မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရွေ့ပြေးအမှန်စာရင်း(၆)လ၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ(၆)လနှင့် ပြုပြင်ပြီးခန့်မှန်းခြေ(၆)လဘဏ္ဍာရေးဆိုင်ရာအခြေအနေ

(ကျပ်ဘီလီယံ)

| | ၂၀၁၆-၂၀၁၇ PA(၆)လ | ၂၀၁၇-၂၀၁၈ BE(၆)လ | ၂၀၁၇-၂၀၁၈ RE(၆)လ |
|---|---|---|---|
| ရငွေ | ၆,၅၁၅ | ၆,၆၅၄ | ၆,၈၀၂ |
| သုံးငွေ | ၇,၁၄၂ | ၉,၁၁၁ | ၇,၉၆၂ |
| ပိုငွေ(+)/ လိုငွေ(-) | (-) ၆၂၇ | (-) ၂,၄၅၇ | (-) ၁,၁၆၀ |
| ဂျီဒီပီတန်ဖိုး | ၂၆,၄၈၂ | ၂၉,၄၁၀ | ၂၉,၄၁၀ |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၂.၃၇% | ၈.၃၅% | ၃.၉၄% |

### ဘဏ္ဍာရေးမူဝါဒ

၂၁။ ဘဏ္ဍာရေးမူဝါဒတွင် အခွန်မူဝါဒနှင့် အသုံးစရိတ်မူဝါဒတို့ ပါဝင်ပါတယ်။

**(က) အခွန်မူဝါဒ**

(၁) နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များအတွက်သာ အခွန်ကိုကောက်ခံခြင်း မဟုတ်ဘဲ နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေးစနစ်ကို ဖော်ဆောင်၍ ငွေကြေးလည်ပတ်မှုမှန်ကန်စေရန်၊

(၂) ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းရန်၊

(၃) ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက် စနစ်ဖြင့် ထိန်းညှိပေးရန်၊

(၄) ကုန်ဈေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အကူပြုရန်၊

(၅) ဝင်ငွေခွဲဝေမှုမျှတစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုရန်၊

**(ခ) အသုံးစရိတ်မူဝါဒ**

(၁) ပညာရေး ၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက် တိုးမြှင့်သုံးစွဲရန်၊

(၂) ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေး သုံးစွဲရန်၊

(၃) ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျစိစစ်ခွင့်ပြုနိုင်ရန်၊

(၄) စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲခြားပြီး လတ်တလော ဆောင်ရွက်ရန် မလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်၊

(၅) ပစ္စည်းဝယ်ယူမှုများကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်၊

(၆) ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေများကို သုံးသပ်စိစစ်ရယူရန်၊

(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးတို့အတွက် တိုးမြှင့်သုံးစွဲရန်၊

၂၂။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ဦးစားပေးအစီအစဉ်များအရ ဘတ်ဂျက်ခွဲဝေချထားမှုကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများအနက်မှ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ အသုံးစရိတ်များကို ဦးစားပေးလျာထား ပါတယ်။

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏**

**အရအသုံးခန့်မှန်းခြေငွေစာရင်း**

၂၃။ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|---|---|---|
| (က) | ရငွေ | ၇,၃၂၇ | ၇၈ | ၁,၀၈၇ | ၈,၄၉၂ | ၂၅.၈၃% |
| (ခ) | သုံးငွေ | *၈,၀၀၇ | ၂,၁၉၅ | ၄၇၆ | *၁၀,၆၇၈ | ၃၂.၄၈% |
| (ဂ) | ပိုငွေ(+) /လိုငွေ(-) | (-)၆၈၀ | (-)၂,၁၁၇ | (+)၆၁၁ | (-)၂,၁၈၆ | |
| (ဃ) | ဂျီဒီပီတန်ဖိုး | | | | ၃၂,၈၇၃ | |
| (င) | လိုငွေနှင့်ဂျီဒီပီအချိုး | | | | ၆.၆၅% | |

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဂျီဒီပီတန်ဖိုးနှင့် နှိုင်းယှဉ်ချက်

| | | |
|---|---|---|
| (စ) | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဂျီဒီပီတန်ဖိုး | ၉၁,၃၁၉ |
| (ဆ) | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဂျီဒီပီတန်ဖိုး၏ ၅၀% | ၄၅,၆၅၉ |
| (ဇ) | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဂျီဒီပီတန်ဖိုး၏ ၅၀% နှင့် တွက်ပါက လိုငွေနှင့် ဂျီဒီပီအချိုး | ၄.၇၉% |

(* တိုင်းဒေသကြီး/ ပြည်နယ်များ၏လိုငွေကျပ် ၈၂၀ ဘီလီယံကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပါသည်။)

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

၂၄။ တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|---|---|---|
| (က) | ရငွေ | ၂၅၇ | ၅၂ | ၆၈ | ၃၇၇ | ၁.၁၅% |
| (ခ) | သုံးငွေ | ၄၀၀ | ၇၉၄ | ၃ | ၁,၁၉၇ | ၃.၆၄% |
| (ဂ) | ပိုငွေ(+) /လိုငွေ(-) | (-)၁၄၃ | (-)၇၄၂ | (+)၆၅ | (-)၈၂၀ | |

၂၅။ တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေ ကျပ် ၈၂၀ ဘီလီယံကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေအဖြစ် ဖြည့်ဆည်းပေးပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များ၏ သာမန်ရငွေတွင် ဖော်ပြပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းပေးပြီးနောက် ရငွေ/သုံးငွေအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|---|---|---|
| (က) | ရငွေ | *၁,၀၇၇ | ၅၂ | ၆၈ | *၁,၁၉၇ | ၃.၆၄% |
| (ခ) | သုံးငွေ | ၄၀၀ | ၇၉၄ | ၃ | ၁,၁၉၇ | ၃.၆၄% |
| (ဂ) | ပိုငွေ(+) /လိုငွေ(-) | (+)၆၇၇ | (-)၇၄၂ | (+)၆၅ | | |

(* တိုင်းဒေသကြီး/ ပြည်နယ်များ၏ သာမန်ရငွေတွင် ပြည်ထောင်စုမှလိုငွေ ဖြည့်ဆည်းပေးခြင်း ကျပ် ၈၂၀ ဘီလီယံ ပါဝင်ပါသည်။)

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် နိုင်ငံတော်၏ အရအသုံးအခြေအနေ

၂၆။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေများအရ နိုင်ငံတော်တစ်ခုလုံး၏ အရအသုံးအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|---|---|
| (က) | ရငွေများ | ၈,၄၉၂ | ၁,၁၉၇ | ၉,၆၈၉ | ၂၉.၄၇ |
| | (၁) သာမန် | ၇,၃၂၇ | ၁,၀၇၇ | ၈,၄၀၄ | |
| | (၂) ငွေလုံးငွေရင်း | ၇၈ | ၅၂ | ၁၃၀ | |
| | (၃) ကြွေးမြီ | ၁,၀၈၇ | ၆၈ | ၁,၁၅၅ | |
| (ခ) | သုံးငွေများ | ၁၀,၆၇၈ | ၁,၁၉၇ | ၁၁,၈၇၅ | ၃၆.၁၂ |
| | (၁) သာမန် | ၈,၀၀၇ | ၄၀၀ | ၈,၄၀၇ | |
| | (၂) ငွေလုံးငွေရင်း | ၂,၁၉၅ | ၇၉၄ | ၂,၉၈၉ | |
| | (၃) ကြွေးမြီ | ၄၇၆ | ၃ | ၄၇၉ | |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-)၂,၁၈၆ | | (-)၂,၁၈၆ | |
| (ဃ) | ဂျီဒီပီတန်ဖိုး | ၃၂,၈၇၃ | | ၃၂,၈၇၃ | |
| (င) | လိုငွေနှင့်ဂျီဒီပီအချိုး | ၆.၆၅% | | ၆.၆၅% | |

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဂျီဒီပီတန်ဖိုးနှင့် နှိုင်းယှဉ်ချက်

| | | |
|---|---|---|
| (စ) | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဂျီဒီပီတန်ဖိုး | ၉၁,၃၁၉ |
| (ဆ) | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဂျီဒီပီတန်ဖိုး၏ ၅၀% | ၄၅,၆၅၉ |
| (ဇ) | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဂျီဒီပီတန်ဖိုး၏ ၅၀% နှင့် တွက်ပါကလိုငွေနှင့် ဂျီဒီပီအချိုး | ၄.၇၉% |

မှတ်ချက်။ (* တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေ ကျပ် ၈၂၀ ဘီလီယံကို ပြည်ထောင်စု မှဖြည့်ဆည်းပေးခြင်း အပါအဝင် ဖြစ်ပါသည်။)

**စာရင်းကိုင်နည်းကိုအခြေခံရေးဆွဲသောနည်းလမ်း (Accounting Method) နှင့် ဆန်းစစ်ချက်နည်းကို အခြေခံရေးဆွဲသော နည်းလမ်း(Analytical Method) နှိုင်းယှဉ်ချက်**

၂၇။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းကို စာရင်းကိုင်နည်းကိုအခြေခံရေးဆွဲသောနည်းလမ်းဖြင့် သာရေးဆွဲထားပါကြောင်းနှင့် နည်းလမ်း ၂ မျိုး အသုံးပြုပြီးရေးဆွဲထားမှုကို တင်ပြပါအတိုင်း နှိုင်းယှဉ် တင်ပြအပ်ပါတယ်-

(ကျပ်ဘီလီယံ)

| Accounting Method ဖြင့်ရေးဆွဲခြင်း | | Analytical Method ဖြင့် ရေးဆွဲခြင်း | |
|---|---|---|---|
| စုစုပေါင်းရငွေ | ၈,၄၉၂ | စုစုပေါင်းရငွေ | ၇,၄၁၂ |
| သာမန်ရငွေ(Grant အပါအဝင်) | ၇,၃၂၇ | သာမန်ရငွေ(Grant နှင့် အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှ ရငွေအပါအဝင်) | ၇,၃၃၄ |
| ငွေလုံးငွေရင်းရငွေ(Grantအပါအဝင်) | ၇၈ | ငွေလုံးငွေရင်းရငွေ(Grant အပါအဝင်) | ၇၈ |
| ကြွေးမြီရငွေ(Loan အပါအဝင်) | ၁,၀၈၇ | | |
| စုစုပေါင်းအသုံးစရိတ် | ၁၀,၆၇၈ | စုစုပေါင်းအသုံးစရိတ် | ၁၀,၂၀၁ |
| သာမန်အသုံးစရိတ် | ၈,၀၀၇ | သာမန်အသုံးစရိတ် | ၈,၀၀၇ |
| ငွေလုံးငွေရင်းအသုံးစရိတ် | ၂,၁၉၄ | ငွေလုံးငွေရင်းအသုံးစရိတ် | ၂,၁၉၄ |
| ကြွေးမြီအသုံးစရိတ်(အရင်းပေးဆပ်ငွေအပါအဝင်) | ၄၇၇ | | |
| လိုငွေ | ၂,၁၈၆ | လိုငွေ | ၂,၇၈၉ |
| ဂျီဒီပီတန်ဖိုး | ၃၂,၈၇၃ | ဂျီဒီပီတန်ဖိုး | ၃၂,၈၇၃ |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၆.၆၅% | လိုငွေနှင့်ဂျီဒီပီအချိုး | ၈.၄၈% |
| ၂၀၁၇-၂၀၁၈ ဂျီဒီပီ တန်ဖိုး၏ ၅၀% | ၄၅,၆၅၉ | ၂၀၁၇-၂၀၁၈ ဂျီဒီပီ တန်ဖိုး၏ ၅၀% | ၄၅,၆၅၉ |
| ၂၀၁၇-၂၀၁၈ ဂျီဒီပီ တန်ဖိုး၏ ၅၀% နှင့် တွက်ပါက လိုငွေနှင့် ဂျီဒီပီအချိုး | ၄.၇၉% | ၂၀၁၇-၂၀၁၈ ဂျီဒီပီ တန်ဖိုး၏ ၅၀% နှင့် တွက်ပါက လိုငွေနှင့် ဂျီဒီပီအချိုး | ၆.၁၁% |

၂၈။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များသို့ အခွန်ဝေစုခွဲဝေပေးရာတွင် **နိုင်ငံပိုင်အခွန်းကဏ္ဍမှ** ကောက်ခံရရှိသော သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရရှိသည့် ငွေမှအပဖြစ်သည့် ကျပ်ငွေဖြင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အလိုက် ကောက်ခံရရှိသည့်အတိုင်း တိုက်ရိုက်ခွဲဝေပေးခြင်းမပြုဘဲ တိုင်းဒေသကြီး/ပြည်နယ်စုစုပေါင်းကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅%ကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်ဖြင့် တွက်ချက်ထားသည့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခွဲဝေသင့်သည့် အချိုးအတိုင်း

ခွဲဝေပေးပြီး **သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ**တို့မှ ကောက်ခံရရှိသော သွင်းကုန်တင်သွင်းမှုအပေါ်ကောက်ခံရရှိသည့် ငွေမှအပ ဖြစ်သည့်ကျပ်ငွေဖြင့် ကောက်ခံရရှိသောကုန်သွယ်လုပ်ငန်းခွန်၏ ၁၅ %၊ အထူးကုန်စည်ခွန်၏ ၁၅ % နှင့် ဝင်ငွေခွန်၏ ၅ % တို့ကို ယခင်နှစ်ကအတိုင်း ခွဲဝေပေးမှာဖြစ်ပါတယ်။

၂၉။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် မူလခန့်မှန်းခြေငွေစာရင်း၏ ပြည်ပအကူအညီရငွေ၊ ချေးယူရငွေအပါအဝင် စုစုပေါင်းရငွေ ကျပ် ၈,၄၉၂ ဘီလီယံဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်းများ၏ ရငွေကျပ် ၁ ဘီလီယံ၊ ဝန်ကြီးဌာနများ၏ ရငွေကျပ် ၇,၅၂၈ ဘီလီယံ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ရငွေကျပ် ၂၆၅ ဘီလီယံ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေ ကျပ် ၁ ဘီလီယံ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေ ကျပ် ၁၈ ဘီလီယံ ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ ကျပ် ၆၃၄ ဘီလီယံ နှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာန(လူမှုဖူလုံရေးအဖွဲ့)၏ ရငွေ ကျပ် ၄၅ ဘီလီယံ တို့ဖြစ်ပါတယ်။

၃၀။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် မူလခန့်မှန်းခြေငွေစာရင်း၏ ပြည်ပအကူအညီရငွေ၊ ချေးယူရငွေအပါအဝင် စုစုပေါင်းသုံးငွေ ကျပ် ၁၀,၆၇၈ ဘီလီယံဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်းများ၏ သုံးငွေ ကျပ် ၄၂ ဘီလီယံ၊ ဝန်ကြီးဌာနများ၏ သုံးငွေကျပ် ၉,၈၃၈ ဘီလီယံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သုံးငွေ ကျပ် ၁၈၉ ဘီလီယံ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ သုံးငွေ ကျပ် ၁ ဘီလီယံ၊ နေပြည်တော်ကောင်စီ၏ သုံးငွေ ကျပ် ၄ ဘီလီယံ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သုံးငွေ ကျပ် ၁၇ ဘီလီယံ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သုံးငွေ ကျပ် ၅၇၀ ဘီလီယံ နှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာန (လူမှုဖူလုံရေးအဖွဲ့) ၏ သုံးငွေ ကျပ် ၁၇ ဘီလီယံ တို့ဖြစ်ပါတယ်။

၃၁။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ စုစုပေါင်းရငွေ နှင့် စုစုပေါင်းသုံးငွေတွင် ပါဝင်သည့်အမျိုးအစားများမှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်-

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက်

## ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ စုစုပေါင်းရငွေနှင့် စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုးအစား

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန / အဖွဲ့အစည်းအမည် | ရငွေ | | အသုံးစရိတ် | |
|---|---|---|---|---|---|---|
| | | | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း ရငွေပေါ် ပါဝင်မှု အချိုးအစား | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု အချိုးအစား |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | ၁,၆၀၂.၀၄၂ | ၀.၀၂% | ၄၂,၀၁၃.၆၇၁ | ၀.၃၉% |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | | ၄,၁၂၇.၀၆၇ | ၀.၀၄% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၁၂.၀၀၀ | | ၁,၀၅၄.၄၅၈ | ၀.၀၁% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၄၁၅.၅၁၃ | ၀.၀၁% | ၁,၀၉၀.၈၁၃ | ၀.၀၁% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၁.၂၇၀ | | ၄,၈၃၂.၈၃၆ | ၀.၀၄% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၄၀၀ | | ၂,၈၉၄.၆၄၈ | ၀.၀၃% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁၄၀.၀၀၀ | | ၁၃,၄၀၉.၀၃၈ | ၀.၁၃% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး | ၀.၀၃၀ | | ၄၃၀.၀၉၆ | |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | | | ၄,၄၉၅.၆၇၂ | ၀.၀၄% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၃.၈၇၉ | | ၁,၆၀၇.၈၈၀ | ၀.၀၁% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၉၉၉.၈၃၂ | ၀.၀၁% | ၂,၉၂၉.၉၂၉ | ၀.၀၃% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၃၉.၁၁၈ | | ၅,၁၄၁.၂၃၄ | ၀.၀၅% |
| | | (၁) ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဌရုံးအဖွဲ့ | ၀.၁၅၀ | | ၆၇၅.၂၉၇ | ၀.၀၁% |
| | | (၂) ဝန်ထမ်းရေးရာဦးစီးဌာန | ၀.၀၂၀ | | ၃၁၂.၂၄၇ | |
| | | (၃) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ၂၅.၀၃၀ | | ၆၁၂.၈၉၉ | ၀.၀၁% |
| | | (၄) ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၇.၉၁၈ | | ၂,၀၂၂.၄၅၄ | ၀.၀၂% |
| | | (၅)ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၆.၀၀၀ | | ၁,၅၁၈.၃၃၇ | ၀.၀၁% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက်

## ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ စုစုပေါင်းရငွေနှင့် စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုးအစား

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန / အဖွဲ့အစည်းအမည် | ရငွေ | | အသုံးစရိတ် | |
|---|---|---|---|---|---|---|
| | | | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း ရငွေပေါ် ပါဝင်မှု အချိုးအစား | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု အချိုးအစား |
| ၂ | | **ဝန်ကြီးဌာနများ** | **၇,၅၂၇,၇၀၀.၆၈၉** | **၈၈.၆၄%** | **၉,၈၃၈,၅၇၄.၀၂၄** | **၉၂.၁၄%** |
| | ၁ | နိုင်ငံခြားရေး | ၈၉၃.၅၀၀ | ၀.၀၁% | ၄၆,၇၀၄.၂၃၃ | ၀.၄၄% |
| | ၂ | ပြည်ထဲရေး | ၉၇,၆၇၉.၈၈၅ | ၁.၁၅% | ၃၂၂,၉၇၅.၀၉၉ | ၃.၀၂% |
| | ၃ | ကာကွယ်ရေး | ၃၁,၇၆၁.၄၇၄ | ၀.၃၇% | ၁,၃၄၀,၅၉၅.၆၆၈ | ၁၂.၅၆% |
| | ၄ | နယ်စပ်ရေးရာ | ၁,၅၁၈.၅၇၇ | ၀.၀၂% | ၆၀,၉၁၅.၁၁၁ | ၀.၅၇% |
| | ၅ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | ၈၉၂.၂၄၉ | ၀.၀၁% |
| | ၆ | ပြန်ကြားရေး | ၁၇,၅၀၅.၉၁၈ | ၀.၂၁% | ၂၄,၇၈၅.၁၁၅ | ၀.၂၃% |
| | ၇ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၂,၇၁၂.၁၃၀ | ၀.၀၃% | ၁၄,၉၃၀.၈၇၃ | ၀.၁၄% |
| | ၈ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၂၀၁,၂၇၂.၀၁၃ | ၂.၃၇% | ၃၈၁,၅၀၈.၆၃၁ | ၃.၅၇% |
| | ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၅၉၆,၂၃၇.၆၇၉ | ၇.၀၂% | ၄၈၀,၃၈၅.၅၆၇ | ၄.၅၀% |
| | ၁၀ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၂၁၆,၇၈၂.၂၀၁ | ၂.၅၅% | ၁၈၇,၀၈၄.၀၉၂ | ၁.၇၅% |
| | ၁၁ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၄၅၈,၈၇၉.၄၀၈ | ၂၈.၉၆% | ၂,၃၄၃,၈၁၃.၃၂၈ | ၂၁.၉၅% |
| | ၁၂ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၂၈,၄၆၁.၃၁၅ | ၀.၃၄% | ၁၆,၅၃၂.၀၆၈ | ၀.၁၅% |
| | ၁၃ | စက်မှု | ၅၂,၈၁၈.၁၉၈ | ၀.၆၂% | ၁၈၈,၅၃၅.၅၉၀ | ၁.၇၇% |
| | ၁၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၀,၄၀၁.၂၁၆ | ၀.၁၂% | ၆,၅၂၅.၅၂၀ | ၀.၀၆% |
| | ၁၅ | ပညာရေး | ၂၈,၅၈၅.၇၃၈ | ၀.၃၄% | ၈၀၇,၁၄၆.၅၅၂ | ၇.၅၆% |
| | ၁၆ | ကျန်းမာရေးနှင့်အားကစား | ၅၆,၁၈၀.၄၂၃ | ၀.၆၆% | ၄၁၉,၅၉၉.၈၅၁ | ၃.၉၃% |
| | ၁၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃,၅၁၆,၄၉၃.၅၅၅ | ၄၁.၆၄% | ၂,၉၁၃,၅၄၀.၂၄၅ | ၂၇.၂၉% |
| | ၁၈ | ဆောက်လုပ်ရေး | ၁၇၂,၃၄၄.၃၈၃ | ၂.၀၃% | ၂၄၄,၄၃၄.၁၈၉ | ၂.၂၉% |
| | ၁၉ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး | ၅,၂၆၈.၇၂၆ | ၀.၀၆% | ၃၁,၈၈၆.၀၃၈ | ၀.၃၀% |
| | ၂၀ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၁၁,၉၀၄.၃၅၀ | ၀.၁၄% | ၄,၇၀၇.၀၄၄ | ၀.၀၄% |
| | ၂၁ | တိုင်းရင်းသားလူမျိုးများရေးရာ | | | ၁,၀၇၆.၉၆၀ | ၀.၀၁% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက်

## ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ စုစုပေါင်းရငွေနှင့် စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုးအစား

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဌာန / အဖွဲ့အစည်းအမည် | ရငွေ<br>ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | ရငွေ<br>စုစုပေါင်း ရငွေပေါ် ပါဝင်မှု အချိုးအစား | အသုံးစရိတ်<br>ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | အသုံးစရိတ်<br>စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု အချိုးအစား |
|---|---|---|---|---|---|
| ၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂၆၄,၇၃၉.၁၇၄ | ၃.၁၂% | ၁၈၉,၀၀၆.၈၅၃ | ၁.၇၇% |
| ၄ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၇၃၀.၀၀၀ | ၀.၀၁% | ၆၂၀.၄၁၀ | ၀.၀၁% |
| ၅ | နေပြည်တော်ကောင်စီ | ၄၉.၆၈၄ | | ၄,၄၈၃.၅၃၆ | ၀.၀၄% |
| ၆ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁၈,၄၇၈.၃၇၀ | ၀.၂၂% | ၁၆,၅၁၆.၆၉၇ | ၀.၁၅% |
| ၇ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၆၃၃,၆၅၃.၄၇၀ | ၇.၄၆% | ၅၆၉,၈၂၆.၁၈၁ | ၅.၃၄% |
| | (၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၆၀,၇၇၅.၀၅၀ | ၁.၈၉% | ၁၄၄,၀၂၅.၆၅၆ | ၁.၃၅% |
| | (၂) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၂၅,၀၄၅.၃၈၇ | ၃.၈၃% | ၂၉၉,၆၇၈.၈၁၃ | ၂.၈၁% |
| | (၃) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၄၇,၈၃၃.၀၃၃ | ၁.၇၄% | ၁၂၆,၁၂၀.၇၁၂ | ၁.၁၈% |
| ၈ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ဦးစီးဌာနများ | ၄၅,၀၁၈.၂၈၀ | ၀.၅၃% | ၁၆,၆၅၆.၈၀၂ | ၀.၁၆% |
| | လူမှုဖူလုံရေး | ၄၅,၀၁၈.၂၈၀ | ၀.၅၃% | ၁၆,၆၅၆.၈၀၂ | ၀.၁၆% |
| | စုစုပေါင်း | ၈,၄၉၁,၉၈၁.၆၆၉ | ၁၀၀.၀၀% | ၁၀,၆၇၇,၆၉၈.၁၇၄ | ၁၀၀.၀၀% |

၃၂။ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေ (၆)လနှင့် **၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ** နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေ (၆)လ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ | တိုး(+)/ လျော့(-) |
|---|---|---|---|
| စုစုပေါင်းရငွေ | ၆,၆၅၄ | ၈,၄၉၂ | (+) ၁,၈၃၈ |
| စုစုပေါင်းအသုံးစရိတ် | ၉,၁၁၁ | ၁၀,၆၇၈ | (+) ၁,၅၆၇ |
| ပိုငွေ(+)/လိုငွေ(-) | (-) ၂,၄၅၇ | (-) ၂,၁၈၆ | (-)၂၇၁ |
| ဂျီဒီပီတန်ဖိုး | ၂၉,၄၁၀ | ၃၂,၈၇၃ | |
| လိုငွေနှင့် ဂျီဒီပီအချိုး | ၈.၃၅% | ၆.၆၅% | |

၃၃။ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ပြုပြင်ပြီးခန့်မှန်းခြေ (၆)လနှင့် **၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ** နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ပြုပြင်ပြီးခန့်မှန်းခြေ (၆)လ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ | တိုး(+)/ လျော့(-) |
|---|---|---|---|
| စုစုပေါင်းရငွေ | ၆,၈၀၂ | ၈,၄၉၂ | (+) ၁,၆၉၀ |
| စုစုပေါင်းအသုံးစရိတ် | ၇,၉၆၂ | ၁၀,၆၇၈ | (+) ၂,၇၁၆ |
| ပိုငွေ(+)/လိုငွေ(-) | (-) ၁,၁၆၀ | (-) ၂,၁၈၆ | (+) ၁,၀၂၆ |
| ဂျီဒီပီတန်ဖိုး | ၂၉,၄၁၀ | ၃၂,၈၇၃ | |
| လိုငွေနှင့် ဂျီဒီပီအချိုး | ၃.၉၄% | ၆.၆၅% | |

၃၄။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် အခွန်ရငွေစာရင်းမှာ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေ (၆)လအတွက်အခွန်ရငွေစာရင်းနှင့် နှိုင်းယှဉ်ပါက ကျပ် ၂၅ ဘီလီယံ ပိုမိုလာပြီး၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ (၆)လအတွက် အခွန်ရငွေစာရင်းနှင့် နှိုင်းယှဉ်ပါက ကျပ် ၂၈၄ ဘီလီယံ ပိုမိုလာကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ပြည်ထောင်စု၏ အခွန်ရငွေစာရင်းအား ယမန်နှစ် (၆)လ အခွန်ရငွေစာရင်းနှင့် နှိုင်းယှဉ်ချက်မှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်-

## ပြည်ထောင်စု၏အခွန်ရငွေစာရင်း

(စာရင်းပေါင်းချုပ်)

(ကျပ်သန်းပေါင်း)

| ငွေစာရင်းခေါင်းစဉ်များ | ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေ (၆)လစာ | ၂၀၁၇-၂၀၁၈ ပြုပြင်ပြီးခန့်မှန်းခြေ (၆)လစာ | ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လစာ | ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေ (၆)လစာထက် ပိုမိုရရှိမှု(+)/ လျော့နည်းရရှိမှု(-) | ၂၀၁၇-၂၀၁၈ ပြုပြင်ပြီးခန့်မှန်းခြေ (၆)လစာထက် ပိုမိုရရှိမှု(+)/ လျော့နည်းရရှိမှု(-) |
|---|---|---|---|---|---|
| ၁။ ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက် | ၉၉၄,၂၃၂.၅၆၆ | ၁,၄၃၅,၇၂၈.၅၃၄ | ၁,၂၆၉,၃၃၀.၉၄၃ | +၂၇၅,၀၉၈.၃၇၇ | -၁၆၆,၃၉၇.၆၃၁ |
| ၁-၂ ယစ်မျိုးခွန် | ၅၆၆.၀၀၀ | ၇၃၇.၈၉၂ | ၆၂၆.၈၄၃ | +၆၀.၈၄၃ | -၁၁၁.၀၄၉ |
| ၁-၃ ကုန်သွယ်လုပ်ငန်းခွန် | ၅၂၂,၄၈၂.၉၂၃ | ၆၁၇,၈၅၇.၈၁၀ | ၆၉၂,၃၀၇.၈၅၀ | +၁၆၉,၈၂၄.၉၂၇ | +၇၄,၄၅၀.၀၄၀ |
| ၁-၄ သွင်းကုန်အတွက် လိုင်စင်ခများ | ၂,၀၀၀.၀၀၀ | ၄,၁၇၉.၀၆၇ | ၃,၀၀၀.၀၀၀ | +၁,၀၀၀.၀၀၀ | -၁,၁၇၉.၀၆၇ |
| ၁-၅ မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | ၂၃,၆၇၈.၁၂၉ | ၄၇,၁၀၁.၂၂၅ | ၄၀,၀၀၀.၀၀၀ | +၁၆,၃၂၁.၈၇၁ | -၇,၁၀၁.၂၂၅ |
| ၁-၆ မော်တော်ယာဉ်၊ယာဉ်မောင်းလိုင်စင်၊လုပ်ငန်း လိုင်စင်ဆိုင်ရာအခငွေများ | ၈၄,၅၁၇.၃၃၉ | ၁၂၃,၈၂၂.၄၃၈ | ၇၃,၂၅၇.၅၀၀ | -၁၁,၂၅၉.၈၃၉ | -၅၀,၅၆၄.၉၃၈ |
| ၁-၈ တံဆိပ်ခေါင်းခွန် | ၁၆,၆၈၈.၄၁၁ | ၂၆,၂၃၆.၅၅၇ | ၂၇,၉၈၇.၃၀၀ | +၁၁,၂၉၈.၈၈၉ | +၁,၇၅၀.၇၄၃ |
| ၁-၉ မှတ်ကောင်ဝတ်ဆံသွင်းအခွန် | ၃၂၀.၀၀၀ | ၂၅၂.၆၈၆ | ၂၅၀.၀၀၀ | -၇၀.၀၀၀ | -၂.၆၈၆ |
| ၁-၁၀ ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့်တည်းခိုရိပ်သာ လိုင်စင်/ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင် / ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက်လိုင်စင်ကြေး | ၃၆၀.၈၁၅ | ၄၀၅.၃၅၁ | ၄၃၃.၉၅၀ | +၇၃.၁၃၅ | +၂၈.၅၉၉ |
| ၁-၁၁ အထူးကုန်စည်ခွန် | ၃၄၃,၆၁၈.၉၄၉ | ၆၁၅,၁၃၅.၅၄၈ | ၄၃၁,၄၆၇.၅၀၀ | +၈၇,၈၄၈.၅၅၁ | -၁၈၃,၆၆၈.၀၄၈ |
| ၂။ ဝင်ငွေနှင့်ပိုင်ဆိုင်မှုပေါ်ကောက်ခံသည့်အခွန်အကောက် | ၇၀၅,၉၃၄.၁၃၀ | ၆၇၈,၂၁၅.၅၁၅ | ၈၆၃,၁၇၅.၅၉၈ | +၁၅၇,၂၄၁.၄၆၈ | +၁၈၄,၉၆၀.၀၈၃ |
| ၂-၁ ဝင်ငွေခွန် | ၇၀၅,၉၃၄.၁၃၀ | ၆၇၈,၂၁၅.၅၁၅ | ၈၆၃,၁၇၅.၅၉၈ | +၁၅၇,၂၄၁.၄၆၈ | +၁၈၄,၉၆၀.၀၈၃ |
| ၃။ အကောက်ခွန် | ၂၁၀,၈၆၈.၈၄၄ | ၂၇၉,၁၃၁.၁၅၆ | ၂၄၅,၀၀၀.၀၀၀ | +၃၄,၁၃၁.၁၅၆ | -၃၄,၁၃၁.၁၅၆ |
| ၄။ နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက် | ၅၉၆,၅၅၅.၂၄၅ | ၃၇၄,၂၅၅.၂၅၈ | ၄၁၄,၃၉၀.၂၂၂ | -၁၈၂,၁၆၅.၀၂၃ | +၄၀,၁၃၄.၉၆၄ |
| ၄-၁ မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | ၀.၉၄၂ | ၅.၈၈၇ | ၂.၀၁၄ | +၁.၀၇၂ | -၃.၈၇၃ |
| ၄-၂ ရေခွန် | ၁၈.၂၄၄ | ၁၈.၂၄၄ | ၄၅.၈၂၄ | +၂၇.၅၈၀ | +၂၇.၅၈၀ |
| ၄-၂ တာတမံခွန် | ၀.၀၂၀ | ၀.၀၂၅ | ၀.၀၂၅ | +၀.၀၀၅ | |
| ၄-၃ သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်သစ်တောခွန် | ၉၆၆.၅၅၈ | ၂,၆၀၂.၃၀၄ | ၂,၆၀၅.၄၂၈ | +၁,၆၃၈.၈၇၀ | +၃.၁၂၄ |
| ၄-၄ ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်(စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ) | ၃.၀၃၈ | ၁၂.၅၁၉ | ၃၅.၂၀၀ | +၃၂.၁၆၂ | +၂၂.၆၈၁ |
| ၄-၅ ငါးလုပ်ငန်းဆိုင်ရာအခွန်အခ | ၈၁၃.၇၄၀ | ၂,၂၀၀.၄၅၈ | ၁,၀၅၃.၈၀၀ | +၂၄၀.၀၆၀ | -၁,၁၄၆.၆၅၈ |
| ၄-၆ ကြက်ပေါင်စေးပေါ်တွင်ကောက်ခံသည့်အခွန် | | | | | |
| ၄-၈ ရေနံနှင့်သဘာဝဓါတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | ၁၃၉,၃၁၁.၅၄၃ | ၁၃၂,၄၇၅.၂၈၀ | ၁၈၁,၈၅၆.၈၇၉ | +၄၂,၅၄၅.၃၃၆ | +၄၉,၃၈၁.၅၉၉ |
| ၄-၉ ဓါတ်သတ္တုခွန်နှင့် ရတနာခွန် | ၁၃,၅၇၀.၀၀၀ | ၁၉,၉၄၇.၇၃၀ | ၁၁,၆၈၉.၇၇၂ | -၁,၈၈၀.၂၂၈ | -၈,၂၅၇.၉၅၈ |
| ၄-၁၀ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ | ၄၃၆,၆၅၈.၀၀၀ | ၂၁၀,၇၇၉.၆၅၁ | ၂၁၀,၀၀၀.၀၀၀ | -၂၂၅,၆၅၈.၀၀၀ | -၇၇၉.၆၅၁ |
| ၄-၁၁ ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓါတ်အားထုတ်ယူသည့် အတွက်အခမဲ့ရရှိသည့် ဓာတ်အားခ | ၅,၂၁၃.၁၆၀ | ၅,၂၁၃.၁၆၀ | ၆,၁၀၁.၂၈၀ | +၈၈၈.၁၂၀ | +၈၈၈.၁၂၀ |
| ပေါင်း | ၂,၅၀၇,၅၉၀.၇၈၅ | ၂,၇၆၇,၃၃၀.၅၀၃ | ၂,၇၉၁,၈၉၆.၇၆၃ | +၂၈၄,၃၀၅.၉၇၈ | +၂၄,၅၆၆.၂၆၀ |

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

၃၅။ ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကို စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရန်နှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ငွေကြေးစီမံခန့်ခွဲမှု အစီအစဉ်သစ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ အစီအစဉ်သစ်အရ ၎င်းတို့ကို ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေစာရင်း ထားရှိဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

၃၆။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ OA Account လက်ကျန်အခြေအနေကို သုံးသပ်၍ အချို့သောအဖွဲ့အစည်းများ၏ သာမန်အသုံးစရိတ်အားလုံး၊ ငွေလုံးငွေရင်းအသုံးစရိတ်အားလုံးနှင့် ကြွေးမြီအသုံးစရိတ်အားလုံးတို့ကို ၎င်းတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲရန် စီစဉ်ဆောင်ရွက်ထားပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးနှစ်အလိုက် သာမန်စာရင်း (ကုန်သွယ်မှု) အရ အမြတ်/ အရှုံး အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ဘဏ္ဍာရေးနှစ် | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် | | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | အမြတ်ရရှိသည့် အဖွဲ့အစည်း | အရှုံးပေါ်သည့် အဖွဲ့အစည်း | ပေါင်း | အမြတ်ရရှိသည့် အဖွဲ့အစည်း | အရှုံးပေါ်သည့် အဖွဲ့အစည်း | ပေါင်း | |
| ၁ | ၂ | ၃ | ၄ | ၅ (၃+၄) | ၆ | ၇ | ၈ (၆+၇) | ၉ (၅+၈) |
| ၁။ | ၂၀၁၄-၂၀၁၅ (အမှန်စာရင်း) | ၂၄ | ၁၁ | ၃၅ | ၃ | ၁ | ၄ | ၃၉ |
| ၂။ | ၂၀၁၅-၂၀၁၆ (အမှန်စာရင်း) | ၁၇ | ၁၁ | ၂၈ | ၄ | ၃ | ၇ | ၃၅ |
| ၃။ | ၂၀၁၆-၂၀၁၇ (ရှေ့ပြေးအမှန်) | ၁၆ | ၁၀ | ၂၆ | ၄ | ၂ | ၆ | ၃၂ |
| ၄။ | ၂၀၁၇-၂၀၁၈ (ပြုပြင်ပြီး) | ၁၈ | ၈ | ၂၆ | ၆ | - | ၆ | ၃၂ |
| ၅။ | ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလ အထိ | ၁၈ | ၈ | ၂၆ | ၅ | ၁ | ၆ | ၃၂ |

၃၇။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၃၂) ခု ရှိရာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့်အဖွဲ့အစည်း (၂၆) ဖွဲ့ဖြစ်ပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောအဖွဲ့အစည်း (၆) ဖွဲ့ ရှိပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့်အဖွဲ့အစည်း (၂၆) ဖွဲ့ အနက် (၁၈) ဖွဲ့မှာ အမြတ်ပေါ်ပေါက်ပြီး (၈) ဖွဲ့မှာ အရှုံးပေါ်ပေါက်ပါတယ်။ အရှုံးပေါ်ပေါက်သော အဖွဲ့အစည်းများမှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့မီးရထား၊ ကုန်းလမ်းပို့ဆောင်ရေး၊ မြန်မာ့စာတိုက်လုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအောက်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာနအောက်ရှိ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်းတို့ဖြစ်ပါတယ်။ ယခုနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သည့် မြန်မာ့သဘော်ကျင်းလုပ်ငန်းမှာ အရှုံးပေါ်ပေါက်ခဲ့ပါတယ်။

၃၈။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေ ရသုံးခန့်မှန်းခြေငွေစာရင်းဖြစ်သောကြောင့် အထူးကုန်စည်ခွန် **ကျပ် ၁၀ ဘီလီယံ အထက်** ပေးဆောင်သောအဖွဲ့အစည်းမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဖြစ်ပြီး၊ ကုန်သွယ်လုပ်ငန်းခွန် **ကျပ် ၁၀ ဘီလီယံ အထက်** ပေးဆောင် နိုင်မည့်အဖွဲ့အစည်းများမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ဖြစ်ပါတယ်။

၃၉။ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ထည့်ဝင်ငွေ တို့တွင်လည်း **ကျပ် ၁၀ ဘီလီယံ အထက်** ထည့်ဝင်နိုင်မည့် အဖွဲ့အစည်းများမှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိ မြန်မာ့သစ်လုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ဖြစ်ပါတယ်။ နိုင်ငံတော်သို့ ထည့်ဝင်ငွေ **ကျပ် ၁၀ ဘီလီယံအထက်** ထည့်ဝင်နိုင်မည့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်နှင့် လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းတို့ ဖြစ်ပါတယ်။

၄၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများတွင် အဓိကဝင်ငွေရရှိနေသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် မူလခန့်မှန်းခြေငွေစာရင်းအရ ရငွေမှာ **ကျပ် ၁,၀၃၀ ဘီလီယံ** ဖြစ်၍ စုစုပေါင်းပြည်ထောင်စုရငွေ၏ **၁၂.၁၃** ရာခိုင်နှုန်း ဖြစ်ပါတယ်။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ခန့်မှန်းထားသည့် သဘာဝဓာတ်ငွေ့ဈေးနှုန်းမှာ ရဲတံခွန်၊ ရတနာနှင့် ဇော်တိကကမ်းလွန်တို့တွင် 1 MMBTU ကို အမေရိကန်ဒေါ်လာ ၆.၄၅ နှင့် ရွှေကမ်းလွန်တွင် 1 MMBTU ကို အမေရိကန်ဒေါ်လာ ၆.၂၃ တို့ဖြင့် ခန့်မှန်းထားပြီး၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတွင် PSC စာချုပ်များအရ ရရှိမည်ဟု ခန့်မှန်းထားသော လျာထားရငွေများမှာ ရတနာကမ်းလွန်မှ အမေရိကန်ဒေါ်လာ ၄၉.၉၆၆ သန်း၊ ရဲတံခွန်ကမ်းလွန်မှ အမေရိကန်ဒေါ်လာ ၇၀.၆၄၇ သန်း၊ ဇော်တိကကမ်းလွန်မှ အမေရိကန်ဒေါ်လာ ဝ.၇၃၁ သန်း၊ ရွှေကမ်းလွန်မှ အမေရိကန်ဒေါ်လာ ၃.၁၂၀ သန်းရရှိမည်ဟုခန့်မှန်းထားပြီး၊ အရှေ့တောင်အာရှ ရေနံစိမ်းသယ်ယူပို့ဆောင်ရေးပိုက်လိုင်းနှင့် အရှေ့တောင်အာရှသဘာဝဓာတ်ငွေ့ပိုက်လိုင်းတို့မှ အမေရိကန်ဒေါ်လာ ၅၆.၇၀၆ သန်းနှင့် ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၄၅၉.၉၅၄ သန်း ရရှိမည်ဟုခန့်မှန်းထားပါတယ်။

၄၁။ ထို့ပြင်၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေရသုံးခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံတော်၏ အခွန်အကောက်အနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်သည် **ကျပ် ၁၈၂ ဘီလီယံ** ရရှိမည်ဟု ထည့်သွင်းလျာထားပြီး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် နိုင်ငံတော်သို့ပေးဆောင်ရမည့် ဝင်ငွေခွန်ကို **ကျပ် ၁၀၆ ဘီလီယံ**၊ ကုန်သွယ်လုပ်ငန်းခွန်ကို **ကျပ် ၁၁၉ ဘီလီယံ**၊ အထူးကုန်စည်ခွန်ကို **ကျပ် ၁၅၃ ဘီလီယံ**နှင့် နိုင်ငံတော်သို့ထည့်ဝင်ငွေမှာ **ကျပ် ၈၅ ဘီလီယံ** လျာထားကြောင်းတင်ပြအပ်ပါတယ်။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၏ ယခင်နှစ်ရှင်းလင်းတင်ပြချက်အပေါ်ဆောင်ရွက်ပြီးစီးမှု အခြေအနေ

၄၂။ ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၏ ယခင်နှစ်ရှင်းလင်း တင်ပြချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြပါမယ်။

၄၃။ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပြီးသည်နှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ စာစောင် (Citizen's Budget) ကို ဖြန့်ဝေနိုင်ခဲ့ပါကြောင်းနှင့် ယမန်နှစ်ကထက် ပိုမိုပြည့်စုံပွင့်လင်းမြင်သာစွာ ထုတ်ဝေနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ အလားတူ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် Citizen's Budget စာစောင်ကိုလည်း ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပြီးနောက်တွင် ထုတ်ဝေသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်း**

၄၄။ ယခုအစိုးရသစ်လက်ထက်တွင် ချမှတ်ခဲ့သည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ချက် အနက် နံပါတ်(၁) အချက်မှာ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန် ဖြစ်ပါတယ်။

၄၅။ ပြည်သူ့ဘဏ္ဍာငွေများအား စီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်နှင့် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်အတွက် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှုစည်းမျဉ်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၃၅/၂၀၁၇ ဖြင့် ထုတ်ပြန်ခဲ့ပါတယ်။

၄၆။ ချမှတ်ထားသော နိုင်ငံတော်၏စီးပွားရေးမူဝါဒများနှင့်အညီ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် များ ဖြစ်ပါတယ်။ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်၊ အခြေခံအဆောက်အအုံတို့ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နည်းပညာများနှင့်အတူ ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိရေး**

၄၇။ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိရေးအတွက် အစိုးရဘဏ္ဍာရေးစာရင်းအင်းများကို မြန်မာနိုင်ငံ၏စာရင်းကိုင်နည်းလမ်း (Accounting Method) နှင့်သာမက အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ စာရင်းပြုနည်းလမ်း (Analytical Method) နှင့်ပါ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ Website တွင် ဖော်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြ အပ်ပါတယ်။

**ဝန်ကြီးဌာနအလိုက် ယခင်နှစ် ရည်မှန်းလျာထားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေ**

၄၈။ ဝန်ကြီးဌာနအလိုက် ယခင်နှစ် ရည်မှန်းလျာထားချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေနှင့် စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှာ ပြီးဆုံးခြင်း မရှိသေးသဖြင့် ပထမ ၆ လပတ် ရငွေနှင့် သုံးငွေ လျာထားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများမှာ တင်ပြပါအတိုင်းဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

ပြည်ထောင်စုဌာနအဖွဲ့အစည်းအားလုံး၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ဗဟိုအဖွဲ့အစည်းများ | ၂,၀၀၀.၀၁၉ | ၃၆,၁၈၇.၆၄၉ | -၃၄,၁၈၆.၆၃၀ | ၁,၄၉၀.၅၄၁ | ၂၉,၀၉၅.၀၄၉ | -၂၇,၆၀၄.၅၀၈ | ၇၄.၄၉% | ၈၀.၄၀% |
| ၂ | ဝန်ကြီးဌာန၊ဦးစီးဌာနများ | ၃,၈၅၂,၉၅၈.၃၁၄ | ၆,၄၅၂,၅၃၂.၈၁၂ | -၂,၅၉၉,၁၇၄.၄၉၈ | ၃,၈၉၄,၅၃၂.၂၂၂ | ၄,၈၇၆,၁၁၉.၆၅၂ | -၉၈၁,၅၈၇.၄၃၀ | ၁၀၁.၀၈% | ၇၅.၅၇% |
| ၃ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာများ | ၃၈,၈၂၅.၀၀၀ | ၃,၈၅၈.၈၃၁ | +၃၄,၉၆၆.၁၆၉ | ၄၁,၄၆၈.၆၆၇ | ၈,၁၃၅.၇၃၅ | +၃၃,၃၃၂.၉၃၂ | ၁၀၆.၈၁% | ၂၁၀.၈၃% |
| ၄ | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၂,၃၉၂,၈၈၂.၅၁၆ | ၂,၃၄၁,၃၁၃.၉၁၉ | +၅၁,၅၆၈.၅၉၇ | ၂,၁၅၁,၆၉၇.၄၇၁ | ၂,၃၀၆,၆၀၇.၆၃၇ | -၁၅၄,၉၂၀.၁၆၆ | ၈၉.၉၂% | ၉၈.၅၂% |
| ၅ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၅၄၆,၇၁၈.၂၉၀ | ၅၁၆,၅၆၇.၁၄၇ | +၃၀,၁၅၁.၁၄၃ | ၄၄၉,၄၉၂.၂၂၀ | ၄၁၅,၄၉၅.၉၈၃ | +၃၃,၉၉၆.၂၃၇ | ၈၂.၂၂% | ၈၀.၄၃% |
| ၆ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂၃၂,၈၅၃.၅၃၂ | ၅၇.၂၅၇.၇၃၉ | +၁၇၅.၅၉၅.၇၉၃ | ၂၉၀.၄၃၆.၁၆၄ | ၄၉.၁၁၆.၃၉၅ | +၂၄၁,၃၁၉.၇၆၉ | ၁၂၄.၇၃% | ၈၅.၇၈% |
| ၇ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၆၀၃.၂၅၄ | ၆၂၉.၀၀၀ | -၂၅.၇၄၆ | ၈၆၂.၀၄၅ | ၅၆၇.၀၇၃ | +၂၉၄.၉၇၂ | ၁၄၂.၉၀% | ၉၀.၁၅% |
| ၈ | နေပြည်တော်ကောင်စီ | ၃၄.၄၈၂ | ၇.၂၄၇.၃၀၂ | -၇.၂၁၂.၈၂၀ | ၃၆.၀၇၃ | ၅၄၅.၄၇၉ | -၅၀၉.၄၄၆ | ၁၀၄.၅၀% | ၇.၅၃% |
| ၉ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၂၄.၃၁၈.၃၄၁ | ၁၉,၀၃၅.၄၄၁ | +၅,၂၈၂.၉၀၀ | ၂၆,၆၄၆.၀၉၃ | ၁၂,၇၄၈.၃၈၇ | +၁၃,၈၉၇.၇၀၆ | ၁၀၉.၅၇% | ၆၆.၉၇% |
| | စုစုပေါင်း | ၇,၀၉၁,၁၉၄.၇၄၈ | ၉.၄၃၃,၆၂၉.၈၅၀ | -၂,၃၄၃,၄၃၅.၁၀၂ | ၆,၈၅၆,၆၆၀.၄၅၆ | ၇,၆၉၈,၄၄၁.၃၉၀ | -၈၄၁,၇၇၉.၉၃၄ | ၉၆.၆၉% | ၈၁.၆၀% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှ စက်တင်ဘာလအထိ)

## ဗဟိုအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | ၃,၉၁၆.၅၃၅ | -၃,၉၁၆.၅၃၅ | ၁.၀၆၀ | ၂,၅၈၃.၂၀၅ | -၂,၅၈၂.၁၄၅ | | ၆၅.၉၆% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၄၉.၅၀၀ | ၈၇၀.၄၀၈ | -၈၂၀.၉၀၈ | ၄၆.၂၅၀ | ၆၇၉.၁၀၃ | -၆၃၂.၈၅၃ | ၉၃.၄၃% | ၇၈.၀၂% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၇၃၈.၈၀၀ | ၁,၃၄၆.၃၀၇ | -၆၀၇.၅၀၇ | ၄၈၈.၅၉၂ | ၁,၀၁၇.၈၈၄ | -၅၂၉.၂၉၂ | ၆၆.၁၃% | ၇၅.၆၀% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၀.၁၀၀ | ၄,၆၉၇.၅၂၃ | -၄,၆၉၇.၄၂၃ | ၆.၁၉၀ | ၄,၂၈၀.၅၂၇ | -၄,၂၇၄.၃၃၇ | ၆၁၉၀.၀၀% | ၉၁.၁၂% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၁၂၀ | ၂,၅၈၃.၇၃၀ | -၂,၅၈၃.၆၁၀ | ၀.၆၀၁ | ၂,၃၄၀.၀၈၄ | -၂,၃၃၉.၄၈၃ | ၅၀၀.၈၃% | ၉၀.၅၇% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၅၁.၆၈၄ | ၉,၀၂၆.၂၅၂ | -၈,၉၇၄.၅၆၈ | ၂၅၉.၈၆၆ | ၈,၀၃၅.၈၈၂ | -၇,၇၇၆.၀၁၆ | ၅၀၂.၈၀% | ၈၉.၀၃% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၃၀ | ၄၂၁.၈၆၆ | -၄၂၁.၈၃၆ | | ၄၀၉.၄၄၉ | -၄၀၉.၄၄၉ | | ၉၇.၀၆% |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲတော်မကော်မရှင်ရုံး | ၀.၆၀၀ | ၄,၄၃၁.၂၈၂ | -၄,၄၃၀.၆၈၂ | ၁၇.၆၃၅ | ၂,၃၆၄.၈၂၆ | -၂,၃၄၇.၁၉၁ | ၂၉၃၉.၁၇% | ၅၃.၃၇% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁၉.၃၀၀ | ၁,၅၃၅.၉၆၀ | -၁,၅၁၆.၆၆၀ | ၂၄.၁၅၁ | ၁,၀၉၆.၈၈၈ | -၁,၀၇၂.၇၃၇ | ၁၂၅.၁၃% | ၆၉.၆၀% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁,၁၂၁.၃၇၅ | ၂,၆၃၆.၇၅၀ | -၁,၅၁၅.၃၇၅ | ၅၇၀.၄၈၄ | ၂,၁၆၆.၄၇၅ | -၁,၅၉၅.၉၉၁ | ၅၀.၈၇% | ၈၁.၈၅% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁၉.၅၁၀ | ၄,၆၇၁.၀၃၅ | -၄,၆၅၁.၅၂၅ | ၇၅.၇၁၂ | ၄,၁၂၀.၇၂၆ | -၄,၀၄၅.၀၁၄ | ၃၈၈.၀၇% | ၈၈.၂၂% |
| | | ၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | ၀.၁၀၅ | ၅၁၇.၄၉၉ | -၅၁၇.၃၉၄ | ၀.၀၉၃ | ၄၈၆.၃၂၉ | -၄၈၆.၂၃၆ | ၈၈.၅၇% | ၉၃.၉၈% |
| | | ၂။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ၇.၀၀၀ | ၅၈၆.၃၈၀ | -၅၇၉.၃၈၀ | ၅၄.၄၉၃ | ၅၆၄.၄၂၅ | -၅၀၉.၉၃၂ | ၇၇၈.၄၇% | ၉၆.၂၆% |
| | | ၃။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၈.၄၀၀ | ၁,၇၆၄.၃၇၇ | -၁,၇၅၅.၉၇၇ | ၁၂.၈၃၅ | ၁,၃၅၂.၀၅၃ | -၁,၃၃၉.၂၁၈ | ၁၅၂.၈၀% | ၇၆.၆၃% |
| | | ၄။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၃.၉၇၅ | ၁,၂၅၄.၈၂၀ | -၁,၂၅၀.၈၄၅ | ၈.၂၆၀ | ၁,၁၆၄.၁၆၇ | -၁,၁၅၅.၉၀၆ | ၂၀၇.၈၂% | ၉၂.၇၈% |
| | | ၅။ ဝန်ထမ်းရေးရာဦးစီးဌာန | ၀.၀၃၀ | ၅၄၇.၉၉၉ | -၅၄၇.၉၆၉ | ၀.၀၃၀ | ၅၅၃.၇၅၂ | -၅၅၃.၇၂၂ | ၁၀၀.၀၀% | ၁၀၁.၀၅% |
| | | စုစုပေါင်း | ၂,၀၀၁.၀၁၉ | ၃၆,၁၈၇.၆၄၉ | -၃၄,၁၈၆.၆၃၀ | ၁,၄၉၀.၅၄၁ | ၂၉,၀၉၅.၀၄၉ | -၂၇,၆၀၄.၅၀၈ | ၇၄.၄၉% | ၈၀.၄၀% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )
## ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
### (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | **ဝန်ကြီးဌာန၊ဦးစီးဌာနများ** | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | ၈၉၆.၉၄၅ | ၂၉,၈၇၁.၁၃၂ | -၂၈,၉၇၄.၁၈၇ | ၄၉၉.၈၁၈ | ၂၇,၄၁၄.၇၉၉ | -၂၆,၉၁၄.၉၈၁ | ၅၅.၇၂% | ၉၁.၈၄% |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | ၂၅,၉၇၂.၇၈၅ | ၁၈၁,၄၇၈.၁၈၀ | -၁၅၅,၅၀၅.၃၉၅ | ၁၉,၉၅၀.၁၇၁ | ၁၄၃,၄၇၅.၄၃၀ | -၁၂၃,၅၂၅.၂၅၉ | ၇၆.၈၁% | ၇၉.၀၆% |
| | ၄ | ကာကွယ်ရေး | ၃၆,၅၅၅.၆၀၀ | ၁,၄၅၇,၇၀၄.၈၉၈ | -၁,၄၂၀,၁၄၉.၂၉၈ | ၂၀,၈၃၁.၂၄၈ | ၉၅၅,၀၀၉.၈၃၃ | -၉၃၃,၉၇၈.၅၈၅ | ၅၆.၇၂% | ၆၅.၅၇% |
| | ၅ | နယ်စပ်ရေးရာ | ၁၁၄.၄၀၉ | ၆၇,၀၅၆.၂၃၈ | -၆၆,၉၄၁.၈၂၉ | ၁၇၇.၆၁၀ | ၁၄,၈၃၀.၀၃၇ | -၁၄,၆၅၂.၄၂၇ | ၁၅၅.၂၄% | ၂၂.၁၂% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၁,၂၀၉.၈၁၈ | -၁,၂၀၉.၈၁၈ | ၂.၃၃၂ | ၅၃၆.၈၀၅ | -၅၃၄.၀၇၃ | | ၄၄.၃၇% |
| | ၇ | မြန်ကြားရေး | ၅,၅၇၄.၃၂၅ | ၁၅,၂၃၇.၀၀၈ | -၉,၆၆၂.၆၈၃ | ၆,၂၇၃.၂၅၇ | ၁၃,၄၃၄.၅၀၇ | -၇,၁၆၁.၂၅၀ | ၁၁၂.၅၄% | ၈၈.၁၇% |
| | ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၄,၂၅၉.၅၀၆ | ၁၂,၈၆၄.၄၀၀ | -၈,၆၀၄.၈၉၄ | ၂,၇၃၄.၆၃၉ | ၁၁,၉၇၇.၃၂၀ | -၉,၂၄၂.၆၈၁ | ၆၄.၂၀% | ၉၃.၁၀% |
| | ၉ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၂၉၉,၈၇၇.၉၉၁ | ၄၇၇,၂၃၁.၆၅၂ | -၁၇၇,၃၅၃.၆၆၁ | ၁၈၅,၀၇၇.၁၉၃ | ၃၂၃,၄၇၇.၉၉၆ | -၁၃၈,၄၀၀.၈၀၃ | ၆၁.၇၂% | ၆၇.၇၈% |
| | ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆၀၈,၈၈၁.၂၇၉ | ၅၉,၉၅၈.၅၄၆ | +၅၄၈,၉၂၂.၇၃၃ | ၄၂၈,၀၃၉.၁၄၂ | ၄၄,၂၈၃.၂၁၄ | +၃၈၃,၇၅၅.၉၂၈ | ၇၀.၃၀% | ၇၃.၈၆% |
| | ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၇,၀၀၀.၈၇၁ | ၁၇,၃၀၁.၀၁၅ | -၃၀၀.၁၄၄ | ၂၆,၁၉၅.၂၈၁ | ၂၀,၂၅၉.၁၃၄ | +၅,၉၃၆.၁၄၇ | ၁၅၄.၀၈% | ၁၁၇.၁၀% |
| | ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၁၇၇,၃၆၆.၇၃၃ | ၁၅၄,၉၅၁.၉၁၄ | +၂၂,၄၁၄.၈၁၉ | ၂၀၂,၁၆၅.၄၅၁ | ၁၃၅,၉၅၁.၅၄၀ | +၆၆,၂၁၃.၉၁၁ | ၁၁၃.၉၈% | ၈၇.၇၄% |
| | ၁၃ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၁၆,၂၈၁.၀၉၂ | ၁၇,၉၀၀.၀၀၃ | -၁,၆၁၈.၉၁၁ | ၃၂,၃၂၄.၆၅၁ | ၁၄,၀၅၉.၉၉၁ | +၁၈,၂၆၄.၆၆၀ | ၁၉၈.၅၄% | ၇၈.၅၅% |
| | ၁၄ | စက်မှု | ၁,၅၇၀.၉၅၂ | ၅,၆၄၅.၀၃၇ | -၄,၀၇၄.၀၈၅ | ၉၀၈.၉၈၅ | ၃,၆၉၄.၈၃၃ | -၂,၇၈၅.၈၄၈ | ၅၇.၈၆% | ၆၅.၄၅% |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၅,၈၄၅.၆၅၂ | ၆,၇၂၅.၅၈၅ | -၈၇၉.၉၃၃ | ၉,၆၁၉.၅၄၂ | ၅,၉၀၉.၅၀၀ | +၃,၇၁၀.၀၄၂ | ၁၆၄.၅၆% | ၈၇.၈၇% |
| | ၁၆ | ပညာရေး | ၂၄,၆၆၅.၂၆၀ | ၁,၀၃၀,၇၉၂.၅၅၃ | -၁,၀၀၆,၁၂၇.၂၉၃ | ၁၃,၀၅၅.၇၇၂ | ၆၃၃,၀၀၇.၄၀၅ | -၆၁၉,၉၅၁.၆၃၃ | ၅၂.၉၃% | ၆၁.၄၁% |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၈၄,၅၈၈.၅၇၈ | ၃၃၉,၅၅၀.၄၀၀ | -၂၅၄,၉၆၁.၈၂၂ | ၂၄,၆၀၈.၀၇၀ | ၁၉၃,၁၉၃.၁၅၅ | -၁၆၈,၅၈၅.၀၈၅ | ၂၉.၀၉% | ၅၆.၉၀% |
| | ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂,၄၄၆,၄၀၄.၆၆၁ | ၂,၃၅၃,၁၈၀.၉၉၂ | +၉၃,၂၂၃.၆၆၉ | ၂,၈၃၀,၇၆၅.၄၅၂ | ၂,၂၃၂,၂၄၉.၉၂၅ | +၅၉၉,၅၁၅.၅၂၇ | ၁၁၅.၇၅% | ၉၄.၈၆% |
| | ၁၉ | ဆောက်လုပ်ရေး | ၈၂,၇၃၄.၅၁၆ | ၁၉၆,၉၇၀.၃၀၇ | -၁၁၄,၂၃၅.၇၉၁ | ၄၈,၀၈၁.၇၃၂ | ၈၈,၉၃၀.၄၉၄ | -၄၀,၈၄၉.၇၆၂ | ၅၈.၁၂% | ၄၅.၁၅% |
| | ၂၀ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၅,၂၇၁.၂၉၂ | ၂၃,၂၇၉.၁၃၉ | -၁၈,၀၀၇.၈၄၇ | ၅၆၀.၇၀၆ | ၉,၅၉၅.၈၅၄ | -၉,၀၃၅.၁၄၈ | ၁၀.၆၄% | ၄၁.၂၂% |
| | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၉,၀၉၅.၈၆၇ | ၂,၀၆၇.၀၇၀ | +၇,၀၂၈.၇၉၇ | ၄၀,၆၆၀.၇၇၀ | ၂,၈၆၅.၃၄၅ | +၃၇,၇၉၅.၄၂၅ | ၄၄၇.၀၂% | ၁၃၈.၆၂% |
| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၁,၅၅၆.၉၂၅ | -၁,၅၅၆.၉၂၅ | | ၁,၁၄၀.၅၃၅ | -၁,၁၄၀.၅၃၅ | | ၇၃.၃၂% |
| | | စုစုပေါင်း | ၃,၈၅၂,၉၅၈.၁၁၄ | ၆,၄၅၂,၅၃၂.၈၁၂ | -၂,၅၉၉,၅၇၄.၄၉၈ | ၃,၈၉၄,၅၃၂.၂၂၂ | ၄,၈၇၆,၁၁၉.၆၅၂ | -၉၈၁,၅၈၇.၄၃၀ | ၁၀၁.၀၈% | ၇၅.၅၇% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | ၁ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၃၈,၈၂၅.၀၀၀ | ၃,၈၅၈.၈၃၁ | +၃၄,၉၆၆.၁၆၉ | ၄၁,၄၆၈.၆၆၇ | ၈,၁၃၅.၇၃၅ | +၃၃,၃၃၂.၉၃၂ | ၁၀၆.၈၁% | ၂၁၀.၈၃% |
| | | စုစုပေါင်း | ၃၈,၈၂၅.၀၀၀ | ၃,၈၅၈.၈၃၁ | +၃၄,၉၆၆.၁၆၉ | ၄၁,၄၆၈.၆၆၇ | ၈,၁၃၅.၇၃၅ | +၃၃,၃၃၂.၉၃၂ | ၁၀၆.၈၁% | ၂၁၀.၈၃% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၉,၈၆၀.၁၅၀ | ၇,၃၅၂.၆၂၃ | +၂,၅၀၇.၅၂၇ | ၉,၄၉၃.၃၂၄ | ၄,၃၉၆.၃၀၅ | +၅,၀၉၇.၀၁၉ | ၉၆.၂၈% | ၅၉.၇၉% |
| | ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၃၆,၉၀၇.၉၈၁ | ၂၂.၉၃၀.၇၀၃ | +၁၃,၉၇၇.၂၇၈ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၂၁,၅၄၄.၇၆၉ | ၂၅၇,၆၈၆.၆၃၆ | -၃၆,၁၄၁.၈၆၇ | ၂၄၄,၄၀၈.၀၉၁ | ၂၂၁,၀၀၄.၆၀၂ | +၂၃,၄၀၃.၄၈၉ | ၁၁၀.၃၂% | ၈၅.၇၆% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၁၁,၃၇၁.၃၁၅ | ၁၅၇,၄၆၉.၆၈၇ | -၄၆,၀၉၈.၃၇၂ | ၁၇၆,၂၀၉.၃၂၉ | ၁၆၁,၀၃၃.၆၇၄ | +၁၅,၁၇၅.၆၅၅ | ၁၅၈.၂၂% | ၁၀၂.၂၆% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၇၇၉,၁၃၈.၆၄၇ | ၁,၅၂၇,၃၈၈.၃၇၂ | +၂၅၁,၇၅၀.၂၇၅ | ၁,၄၃၇,၀၄၂.၆၃၂ | ၁,၅၄၃,၈၆၉.၂၈၅ | -၁၀၆,၈၂၆.၆၅၃ | ၈၀.၇၇% | ၁၀၁.၀၈% |
| | ၆ | စက်မှု | ၃၈,၅၉၅.၄၂၈ | ၁၃၈,၉၀၈.၇၆၅ | -၁၀၀,၃၁၃.၃၃၇ | ၂၀,၂၀၀.၅၅၅ | ၁၂၀,၂၇၉.၀၀၈ | -၁၀၀,၀၇၈.၄၅၃ | ၅၂.၃၄% | ၈၆.၅၉% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၉၅,၄၆၄.၂၂၆ | ၂၂၉,၅၇၇.၁၃၃ | -၃၄,၁၁၂.၉၀၇ | ၂၆၄,၃၄၃.၅၄၀ | ၂၅၆,၀၃၄.၇၆၃ | +၈,၃၀၈.၇၇၇ | ၁၃၅.၂၄% | ၁၁၁.၅၂% |
| | | စုစုပေါင်း | ၂,၃၉၂,၈၈၂.၅၁၆ | ၂,၃၄၁,၃၀၃.၉၁၉ | +၅၁,၅၆၈.၅၉၇ | ၂,၁၅၁,၆၉၇.၄၇၁ | ၂,၃၀၆,၆၁၇.၆၃၇ | -၁၅၄,၉၂၀.၁၆၆ | ၈၉.၉၂% | ၉၈.၅၂% |

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၅ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၆၈,၂၆၀.၄၆၅ | ၁၆၅,၉၄၆.၁၂၉ | +၂,၃၁၄.၃၃၆ | ၁၁၀,၃၂၂.၆၂၄ | ၁၁၅,၄၂၄.၈၄၅ | -၅,၁၀၂.၂၂၁ | ၆၅.၅၇% | ၆၉.၅၆% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၃၇၈,၄၅၇.၈၂၅ | ၃၅၀,၆၂၁.၀၁၈ | +၂၇,၈၃၆.၈၀၇ | ၃၃၉,၁၆၉.၅၉၆ | ၃၀၀,၀၇၁.၁၃၈ | +၃၉,၀၉၈.၄၅၈ | ၈၉.၆၂% | ၈၅.၅၈% |
| | | ၁။ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၂၅၈,၉၃၁.၇၇၇ | ၂၅၄,၀၀၇.၇၆၆ | +၄,၉၂၄.၀၁၁ | ၂၃၁,၆၅၉.၀၁၃ | ၂၁၇,၅၂၄.၃၈၁ | +၁၄,၁၃၄.၆၃၂ | ၈၉.၄၇% | ၈၅.၆၄% |
| | | ၂။မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၁၉,၅၂၆.၀၄၈ | ၉၆,၆၁၃.၂၅၂ | +၂၂,၉၁၂.၇၉၆ | ၁၀၇,၅၁၀.၅၈၃ | ၈၂,၅၄၆.၇၅၇ | +၂၄,၉၆၃.၈၂၆ | ၈၉.၉၅% | ၈၅.၄၄% |
| | | စုစုပေါင်း | ၅၄၆,၇၁၈.၂၉၀ | ၅၁၆,၅၆၇.၁၄၇ | +၃၀,၁၅၁.၁၄၃ | ၄၄၉.၄၉၂.၂၂၀ | ၄၁၅.၄၉၅.၉၈၃ | +၃၃.၉၉၆.၂၃၇ | ၈၂.၂၂% | ၈၀.၄၃% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေသုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၆ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂၃၂,၈၅၃.၅၃၂ | ၅၃.၂၅၃.၇၃၉ | +၁၇၅.၅၉၅.၇၉၃ | ၂၉၀,၄၃၆.၁၆၄ | ၄၉,၁၁၆.၃၉၅ | +၂၄၁,၃၁၉.၇၆၉ | ၁၂၄.၇၃% | ၈၅.၇၈% |
| | | စုစုပေါင်း | ၂၃၂,၈၅၃.၅၃၂ | ၅၃.၂၅၃.၇၃၉ | +၁၇၅.၅၉၅.၇၉၃ | ၂၉၀,၄၃၆.၁၆၄ | ၄၉,၁၁၆.၃၉၅ | +၂၄၁,၃၁၉.၇၆၉ | ၁၂၄.၇၃% | ၈၅.၇၈% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၇ | | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၆၀၃.၂၅၄ | ၆၂၉.၀၀၀ | -၂၅.၇၄၆ | ၈၆၂.၀၄၅ | ၅၆၇.၀၇၃ | +၂၉၄.၉၇၂ | ၁၄၂.၉၀% | ၉၀.၁၅% |
| | | စုစုပေါင်း | ၆၀၃.၂၅၄ | ၆၂၉.၀၀၀ | -၂၅.၇၄၆ | ၈၆၂.၀၄၅ | ၅၆၇.၀၇၃ | +၂၉၄.၉၇၂ | ၁၄၂.၉၀% | ၉၀.၁၅% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ပန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၈ | | နေပြည်တော်ကောင်စီ | ၃၄.၄၈၂ | ၇,၂၄၇.၃၁၂ | -၇,၂၁၂.၈၃၀ | ၃၆.၀၃၃ | ၅၄၅.၄၇၉ | -၅၀၉.၄၄၆ | ၁၀၄.၅၀% | ၇.၅၃% |
| | | စုစုပေါင်း | ၃၄.၄၈၂ | ၇,၂၄၇.၃၁၂ | -၇,၂၁၂.၈၃၀ | ၃၆.၀၃၃ | ၅၄၅.၄၇၉ | -၅၀၉.၄၄၆ | ၁၀၄.၅၀% | ၇.၅၃% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ( ဧပြီလ မှ စက်တင်ဘာလအထိ )

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ပထမ(၆)လ လျာထားချက် | | | ၂၀၁၇-၂၀၁၈ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၉ | | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၂၄,၃၁၈.၃၄၁ | ၁၉,၀၃၅.၄၄၁ | +၅,၂၈၂.၉၀၀ | ၂၆,၆၄၆.၀၉၃ | ၁၂,၇၄၈.၃၈၇ | +၁၃,၈၉၇.၇၀၆ | ၁၀၉.၅၇% | ၆၆.၉၇% |
| | | စုစုပေါင်း | ၂၄,၃၁၈.၃၄၁ | ၁၉,၀၃၅.၄၄၁ | +၅,၂၈၂.၉၀၀ | ၂၆,၆၄၆.၀၉၃ | ၁၂,၇၄၈.၃၈၇ | +၁၃,၈၉၇.၇၀၆ | ၁၀၉.၅၇% | ၆၆.၉၇% |

## နိုင်ငံတော်၏ ကြွေးမြီ အရပ်ရပ်အခြေအနေ တင်ပြချက်

၄၉။ နိုင်ငံတော်၏ (၃၀-၉-၂၀၁၇) ရက်နေ့အထိ ပြည်ပကြွေးမြီ အရပ်ရပ် (မြီရှင်နိုင်ငံ/အဖွဲ့အစည်းအလိုက်) အခြေအနေမှာ တင်ပြပါအတိုင်းဖြစ်ပါတယ်-

(အမေရိကန်ဒေါ်လာ)

| စဉ် | မြီရှင်နိုင်ငံ/အဖွဲ့အစည်းအမည် | ပေးဆပ်ရန်ကျန်ငွေ |
|---|---|---|
| ၁ | အေဒီဘီ | ၅၄၅,၉၅၀,၃၇၇.၁၂ |
| ၂ | အေအိုင်အက်ဖ် | ၁,၂၅၆,၈၈၀.၅၀ |
| ၃ | အေအက်ဖ်ဒီ | |
| ၄ | ဩစတြီးယား | ၁၃၂,၇၆၄,၅၇၆.၈၆ |
| ၅ | တရုတ် | ၃,၉၅၈,၄၇၅,၂၄၀.၁၂ |
| ၆ | ဖင်လန် | ၂,၉၄၅,၀၅၄.၈၇ |
| ၇ | ပြင်သစ် | ၅၁၀,၉၈၄,၁၈၈.၄၅ |
| ၈ | ဂျာမဏီ | ၇၆၀,၉၁၂,၈၈၅.၄၁ |
| ၉ | အိုင်ဒီအေ | ၁,၀၂၇,၈၁၀,၄၇၆.၂၄ |
| ၁၀ | အိုင်အက်ဖ်အေဒီ | ၃,၄၈၉,၁၁၅.၆၁ |
| ၁၁ | အိန္ဒိယ | ၁၈၈,၈၀၂,၅၀၀.၉၂ |
| ၁၂ | အီတလီ | |
| ၁၃ | ဂျပန် | ၂,၁၈၀,၈၀၄,၃၈၄.၀၆ |
| ၁၄ | ကိုရီးယား | ၁၃၆,၉၁၁,၇၆၆.၁၄ |
| ၁၅ | နယ်သာလန် | ၉,၁၁၈,၃၂၉.၈၃ |
| ၁၆ | အိုပက် | ၁၀,၅၄၅,၁၆၀.၆၁ |
| ၁၇ | ပိုလန် | |
| ၁၈ | ဆော်ဒီ | ၁,၇၃၀,၀၀၇.၄၁ |
| ၁၉ | ထိုင်း | ၂၂,၆၇၃,၇၂၅.၅၄ |
| ၂၀ | အင်္ဂလန် | ၃၆,၃၂၂,၈၃၆.၆၃ |
| ၂၁ | ဆာဗီးယား | ၄၀,၂၁၅,၈၉၇.၉၆ |
| | စုစုပေါင်း | ၉,၅၇၁,၇၁၃,၄၀၄.၂၈ |

၅၀။ နိုင်ငံတော်၏ (၃၀-၉-၂၀၁၇) ရက်နေ့အထိ ဌာန၊ အဖွဲ့အစည်းအလိုက် ပေးရန်ရှိသည့် ပြည်ပကြွေးမြီ အခြေအနေမှာ တင်ပြပါအတိုင်းဖြစ်ပြီး စုစုပေါင်းအမေရိကန်ဒေါ်လာ ၉.၅၇၁ ဘီလီယံ ဖြစ်ပါတယ်-

(အမေရိကန်ဒေါ်လာ)

| စဉ် | ဌာန၊ အဖွဲ့အစည်းအမည် | ပေးဆပ်ရန်ကျန်ငွေ |
|---|---|---|
| ၁ | ပြည်ထဲရေး | ၃၇,၀၂၅,၄၈၀.၉၆ |
| ၂ | ကာကွယ်ရေး | ၂၄၂,၉၉၅,၅၃၅.၂၀ |
| ၃ | ပြန်ကြားရေး | ၁,၇၉၄,၀၉၄.၅၄ |
| ၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၇၁၃,၆၅၇,၈၇၀.၃၆ |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၁,၄၉၃,၁၆၁,၆၇၉.၉၈ |
| ၆ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၂၇,၀၆၈,၆၃၁.၂၈ |
| ၇ | လျှပ်စစ်နှင့်စွမ်းအင် | ၃,၁၀၉,၉၃၂,၆၀၃.၁၂ |
| ၈ | စက်မှု | ၁,၄၆၇,၉၄၉,၅၆၈.၉၅ |
| ၉ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၆,၁၀၉,၆၄၉.၅၇ |
| ၁၀ | ပညာရေး | ၇၆,၁၀၆,၈၂၈.၇၇ |
| ၁၁ | ကျန်းမာရေးနှင့်အားကစား | ၄၈,၂၈၄,၇၆၆.၈၆ |
| ၁၂ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂,၂၂၀,၃၃၂,၄၃၃.၃၃ |
| ၁၃ | ဆောက်လုပ်ရေး | ၁၀၁,၃၈၁,၉၀၀.၇၂ |
| ၁၄ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၅,၄၂၃,၉၁၄.၈၁ |
| ၁၅ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | ၄၈၈,၄၄၅.၈၃ |
| | | |
| | **စုစုပေါင်း** | **၉,၅၇၁,၇၁၃,၄၀၄.၂၈** |

၅၁။ ၂၀၁၁-၂၀၁၂ ခု ၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် နိုင်ငံတော်၏ ပြည်တွင်း ၊ ပြည်ပ ကြွေးမြီ အခြေအနေမှာ တင်ပြပါအတိုင်းဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | ပြည်တွင်းကြွေးမြီ (ကျပ်ဘီလီယံ) | ဂျီဒီပီ၏ % | ပြည်ပကြွေးမြီ (ကျပ်ဘီလီယံ) | ဂျီဒီပီ၏ % |
|---|---|---|---|---|
| ၂၀၁၁-၂၀၁၂ (၃၁-၃-၂၀၁၂ နေ့အထိ) | ၉,၉၃၈ | ၂၁.၃% | * ၆,၃၃၅ | ၁၃.၆% |
| ၂၀၁၂-၂၀၁၃ (၃၁-၃-၂၀၁၃ နေ့အထိ) | ၁၀,၈၂၄ | ၂၁.၁% | * ၇,၃၀၁ | ၁၄.၂ % |
| ၂၀၁၃-၂၀၁၄ (၃၁-၃-၂၀၁၄ နေ့အထိ) | ၁၂,၀၁၄ | ၂၀.၃% | ၉,၅၆၀ | ၁၆.၁% |
| ၂၀၁၄-၂၀၁၅ (၃၁-၃-၂၀၁၅ နေ့အထိ) | ၁၂,၄၈၇ | ၁၈.၉ % | ၉,၅၄၅ | ၁၄.၄ % |
| ၂၀၁၅-၂၀၁၆ (၃၁-၃-၂၀၁၆ နေ့အထိ) | ၁၅,၇၂၄ | ၂၀.၄ % | ၁၂,၂၄၆ | ၁၆.၇ % |
| ၂၀၁၆-၂၀၁၇ (၃၁-၃-၂၀၁၇ နေ့အထိ) | ၁၈,၀၂၀ | ၂၂.၂% | ၁၀,၈၄၁ | ၁၃.၄% |
| ၂၀၁၇-၂၀၁၈ (၃၀-၉-၂၀၁၇ နေ့အထိ) | ၁၉,၃၆၀ | ၂၁.၂၀% | ၁၃,၁၁၃ | ၁၄.၃၆% |

မှတ်ချက်။ * နောက်ကျကြွေးများမပါဝင်ပါ။

၅၂။ နိုင်ငံတော်၏ ပြည်တွင်းပြည်ပကြွေးမြီများနှင့် ပတ်သက်၍ ကြွေးမြီခံနိုင်ရည်ရှိမှု ဆန်းစစ်ခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်း၊ ကြွေးမြီ မှတ်တမ်းတင်ခြင်း၊ ကြွေးမြီအစီရင်ခံခြင်းတို့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၅-၁-၂၀၁၆ ရက်နေ့က ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။

၅၃။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ၏ ပုဒ်မ(၁၁)အရ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ် သုံးနှစ်ကာလအတွက် ဝန်ကြီးဌာနက နှစ်စဉ်ပုံမှန် ရေးဆွဲရမည်ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ကာလလတ် ကြွေးမြီစီမံ ခန့်ခွဲမှုမဟာဗျူဟာအား ၁၉-၈-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး သတ္တမနေ့၌ အတည်ပြုခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှု မဟာဗျူဟာအား ၂၈-၆-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့၌ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေ၏ ပုဒ်မ (၃၇) အရ အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအား နှစ်စဉ်ရေးဆွဲရမည်ဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်နိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီ ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂၄/၂၀၁၇)မှ သဘောတူခွင့်ပြုခဲ့ပြီးဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီး ဖြစ်ပါတယ်။

**၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း**

၅၄။ ဆက်လက်ပြီး ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို တင်ပြပါမယ်။ ဥပဒေကြမ်း တွင် အပိုင်း ၈ ပိုင်း၊ အခန်း ၈ ခန်း၊ ပုဒ်မ ၄၂ ခု ပါဝင်ပါတယ်။

၅၅။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သုံးသပ်အကြံပြုချက်နှင့်အတူ ပူးတွဲတင်ပြ ထားပါတယ်။ ၂၀၁၈ခုနှစ် ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအပေါ် အခြေခံ၍ ပြည်ထောင်စု အဆင့် ဌာန၊ အဖွဲ့အစည်းများအတွက် ဖြေလျှော့ဆောင်ရွက်နိုင်ရန် အောက်ပါတို့ကို အစားထိုး ဖြည့်စွက် ပြင်ဆင်ခြင်းများကို ဆောင်ရွက်ထားပါတယ်-

(က) ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း ပုဒ်မ ၁၇(က)၊ ၂၆(က)၊ ၃၀(က)၊ ၃၄၊ ၃၇(က)၊ ၄၁ တို့တွင် လူမှုဖူလုံရေးအဖွဲ့၊

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ ရငွေနှင့် သုံးငွေများ လိုအပ်လျှင် ပြောင်းလဲပေးခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့က စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်ရန် ဖြေလျှော့ရေးဆွဲထားပါတယ်။

(ခ) ပုဒ်မ ၂၂ နှင့် ၂၃ တို့တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများ လိုအပ်လျှင် ပြောင်းလဲပေးခြင်း၊ သုံးငွေများတွင် အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊ ငွေလုံးငွေရင်း သုံးငွေတွင်အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့က စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်ရန် ဖြေလျှော့ရေးဆွဲထားပါတယ်။

## နိဂုံး

၅၆။ လေးစားအပ်ပါသော နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ကျွန်တော့်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေနှင့်အညီ ပြည့်စုံစွာ ရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။